# မာတိကာ


| | | |
|---|---|---|
| –။ | နိဒါန်း | – |
| ၁။ | ဘုရားဆုတောင်းခန်း | ၁ |
| | သုမေဓာ | ၁ |
| | သုမေဓာတောထွက်ခြင်း | ၅ |
| | သုမေဓာ ဗျာဒိတ်ရခြင်း | ၁၀ |
| ၂။ | ပါရမီဖြည့်တော်မူခန်း | ၁၈ |
| | ပါရမီ ၁၀–ပါး | ၁၈ |
| | ပါရမီ အပြား ၃၀ | ၂၉ |
| | တုသိတာနတ်ပြည်၌ ဖြစ်ခြင်း | ၃၂ |
| ၃။ | ဘုရားလောင်းဖွားမြင်ခန်း | ၃၅ |
| | ဖွားမြင်တော်မူခြင်း | ၃၇ |
| | အမည်ပေးခြင်း | ၄၁ |
| | ထီးနန်းစံခြင်း | ၄၆ |
| | နိမိတ်ကြီးလေးပါး ထင်ခြင်း | ၄၉ |
| ၄။ | ဘုရားလောင်းတောထွက်ခန်း | ၅၆ |
| | တောထွက်ခြင်း | ၅၆ |
| | ရဟန်းပြုခြင်း | ၆၁ |
| | အာဠာရနှင့် ဥဒကတို့ထံ ဆည်းကပ်ခြင်း | ၆၈ |
| ၅။ | ဒုက္ကရစရိယာကျင့်ခန်း | ၇၀ |
| | ပဉ္စဝဂ္ဂီရဟန်းငါးပါး ရောက်လာခြင်း | ၇၀ |
| | ပြင်းထန်စွာကျင့်ခြင်း | ၇၂ |
| ၆။ | ဘုရားဖြစ်ခန်း | ၇၆ |
| | အိပ်မက်ကြီး ငါးပါး | ၇၆ |
| | တောမိပင်သို့ ကြွခြင်း | ၇၉ |
| | မာရ်နတ် ရောက်လာခြင်း | ၈၁ |
| | ဉာဏ်သုံးပါး ဖြစ်ပေါ်ခြင်း | ၈၃ |
| | ဘုရားအဖြစ်သို့ ရောက်ခြင်း | ၈၆ |
| | သတ္တဋ္ဌာန သီတင်းသုံးတော်မူခြင်း | ၉၅ |
| ၇။ | တရားဟောခန်း | ၉၉ |
| | ဓမ္မစကြာ | ၁၀၂ |
| | ရာဇဂြိုဟ်သို့ ကြွခြင်း | ၁၀၈ |
| | လက်ယာရံ လက်ဝဲရံ | ၁၀၉ |
| | ကပိလဝတ်ပြည်သို့ ကြွခြင်း | ၁၁၁ |
| | သာကီဝင် မင်းသားခြောက်ယောက် ရဟန်းပြုခြင်း | ၁၁၉ |
| | ဝေသာလီပြည်သို့ ကြွခြင်း | ၁၂၁ |
| | မိန်းမများကို ရဟန်းပြုခွင့်ပေးခြင်း | ၁၂၃ |
| | သာဝတ္ထိပြည်သို့ ကြွခြင်း | ၁၂၇ |
| | ဇေတဝန်ကျောင်းတော် | ၁၂၈ |
| | တန်ခိုးပြာဋိဟာပြခြင်း | ၁၃၀ |
| | တပည့်ရဟန်းများ အမိကရုဏ်းဖြစ်ခြင်း | ၁၃၄ |
| | ဗုဒ္ဓမြတ်စွာဘုရားနှင့် လယ်သမား | ၁၃၆ |
| | လူဆိုးကြီးအင်္ဂုလိမာလကို ချွတ်ခြင်း | ၁၄၄ |
| | အာဠာဝကဘီလူးကို တရားဟောခြင်း | ၁၄၅ |
| | ဒေဝဒတ် သံဃာကိုဏ်းခွဲခြင်း | ၁၄၇ |
| ၈။ | ဗုဒ္ဓမြတ်စွာဘုရား၏ ထူးခြားတော်မူပုံ | ၁၅၅ |
| | ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်လက္ခဏာတော် | ၁၅၅ |
| | ဗုဒ္ဓမြတ်စွာဘုရား၏ အမူအရာ | ၁၆၀ |
| | ဗုဒ္ဓမြတ်စွာဘုရား၏ နေ့စဉ်အလုပ်များ | ၁၆၂ |
| | ဗုဒ္ဓမြတ်စွာဘုရား၏ ယဉ်ကျေးမှု | ၁၆၄ |
| | ဗုဒ္ဓမြတ်စွာဘုရား၏ ဆက်ဆံမှု | ၁၆၆ |
| | ဗုဒ္ဓမြတ်စွာဘုရား၏ သဘောထားကြီးပုံ | ၁၇၆ |
| | ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်များ | ၁၇၉ |
| | ဂုဏ်တော်ကိုးပါး | ၁၇၉ |
| | အာဝေဏိက ဂုဏ်တော် ၁၈ ပါး | ၁၈၇ |
| | ယထာဘုစ္စ ဂုဏ်တော် ရှစ်ပါး | ၁၉၀ |
| | ဗုဒ္ဓမြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ် | ၁၉၂ |
| ၉။ | ဗုဒ္ဓမြတ်စွာဘုရား၏ ဝါဒ | ၂၀၉ |
| ၁၀။ | ဗုဒ္ဓမြတ်စွာဘုရား တရားဟောတော်မူပုံ | ၂၁၆ |
| ၁၁။ | ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သာဝက သံဃာ့အဖွဲ့အစည်းကြီး | ၂၄၂ |
| ၁၂။ | ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတ်သိမ်းခန်း | ၂၅၅ |
| | အာယုသင်္ခါရလွှတ်ခြင်း | ၂၆၁ |
| | ပရိနိဗ္ဗာန်စံတော်မူခြင်း | ၂၆၉ |
| ၁၃။ | မှီငြမ်းပြုသည့်ကျမ်းများ | ၂၈၄ |


## နိဒါန်း

ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓမြတ်စွာဘုရားကို ယုံကြည်ကိုးကွယ် ဆည်းကပ်ကြသော်လည်း မြတ်စွာဘုရားကို ယုံကြည်ကိုးကွယ်ဆည်းကပ်ကြသူတိုင်း ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို သိသည်ဟူ၍ကား မဆိုနိုင်ပေ။ အချို့သော ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာဘုရားကို သစ္စာလေးပါး အမှန်တရားကိုသိသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်သည်ဟူ၍ သိကြသည်။ မြတ်စွာဘုရား၏ အကြောင်းအရာအတ္ထုပ္ပတ္တိ ကိုလည်း သိကြသည်။ အချို့သော ဗုဒ္ဓဘာသာဝင်တို့သည်ကား မြတ်စွာဘုရားကို သစ္စာလေးပါး အမှန်တရားကိုသိသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း ကိုပင် သေသေချာချာနားမလည်ဘဲ သာမန်အားဖြင့် ဘုရားဟူ၍သာ သိကြလေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းအရာအတ္ထုပ္ပတ္တိကိုလည်း မသိကြပေ။ ထိုသူတို့အနက် အချို့မှာ ဗုဒ္ဓမြတ်စွာဘုရားကို လူသားထဲမှ ထွန်းပေါက်ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်ထူးတစ်ပါးဟူ၍ပင် မသိဘဲ လူသတ္တဝါတို့ ကိုးကွယ်ရန်အတွက် ထူးဆန်းစွာပေါ်ပေါက်လာသော ပုဂ္ဂိုလ်ကြီးဟု မှတ်ထင်နေတတ်ကြလေသည်။

ယင်းသို့ ဗုဒ္ဓဘာသာဝင် နှစ်မျိုးနှစ်စားရှိသည့်အနက် ဗုဒ္ဓမြတ်စွာဘုရားကို လူသားထဲမှ ထွန်းပေါက်ကာ အမှန်တရားကို ကိုယ်တိုင် ထိုးထွင်း၍ သိမြင်သောပုဂ္ဂိုလ်ထူးဖြစ်ကြောင်းမသိဘဲ သာမန်အားဖြင့် ဘုရားဟူ၍သာ သိကြသည့် ဗုဒ္ဓဘာသာဝင်များမှာ အရေအတွက်မနည်းချေ။ အမှန်အားဖြင့်ပြောရလျှင် ဗုဒ္ဓဘာသာဝင်များတွင် မြတ်စွာဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို မသိသောသူက ပိုမိုများပြားလေသည်။

ယင်းသို့ဖြစ်ခြင်းမှာ ဘာသာရေးဆိုင်ရာတွင် အကြားအမြင် ဗဟုသုတနည်းသောကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။ ဗုဒ္ဓမြတ်စွာဘုရားအကြောင်း ရေးသားထားသည့် ဇိနတ္ထပကာသနီကျမ်း၊ တထာဂတဉဒါနဒီပနီကျမ်း၊ ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ မာလာလင်္ကာရဝတ္ထုတော်ကြီး စသောကျမ်းစာအုပ်ကြီးများရှိသော်လည်း ဘာသာရေးဆိုင်ရာ စာပေဗဟုသုတ အခြေခံမရှိသောသူများသည် ထိုကျမ်းကြီးများကို မဖတ်နိုင်ပေ။ ထိုကျမ်းကြီးများကို မဖတ်နိုင်ကြသဖြင့် မြတ်စွာဘုရား၏ အကြောင်းအရာကို သေချာစွာမသိကြဘဲ ဆရာသမား လူကြီးမိဘများက အကြောင်းစပ်သည့်အခါ ပြောသည်ကို တစ်စွန်းတစ်စ ကြားဖူးရုံလောက်သာ သိကြလေသည်။

ဗုဒ္ဓမြတ်စွာဘုရားကို ယုံကြည်ကိုးကွယ်သည်ဟု ဆိုသော်လည်း ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းကိုမသိက ထိုသူ၏ ယုံကြည်မှုမှာ ခိုင်ခိုင်မြဲမြဲရှိသည်ဟု မဆိုနိုင်ပေ။ ယုံကြည်မှု ခိုင်ခိုင်မြဲမြဲမရှိက ကိုးကွယ်မှုလည်း လေးလေးမြတ်မြတ် ရှိလိမ့်မည်မဟုတ်ပေ။ ကိုးကွယ်မှုလေးလေးမြတ်မြတ်မရှိက ဗုဒ္ဓဘာသာဝင်ပီသသူ မဖြစ်နိုင်ပေ။ ဗုဒ္ဓဘာသာဝင်ပီသသူမဟုတ်လျှင်လည်း ဗုဒ္ဓဘာသာဆိုင်ရာကျင့်ဝတ်များ၊ စည်းကမ်းများကို လေးလေးစားစား လိုက်နာလိမ့်မည်မဟုတ်ပေ။

ဗုဒ္ဓဘာသာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများမှာ လိုက်နာသူတစ်ဦးတည်းသာ အကျိုးရှိသည်မဟုတ်ဘဲ ထိုသူနှင့်ဆက်သွယ်သမျှ ပတ်ဝန်းကျင်ရှိ လူများပါ စိတ်ချမ်းသာရသည့် ကျင့်ဝတ်များဖြစ်၍ ဗုဒ္ဓဘာသာဦးရေများသည့် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်ဟူသမျှ ဗုဒ္ဓဘာသာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကြမည်ဆိုပါက မြန်မာတစ်နိုင်ငံလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် အေးချမ်းသာယာနိုင်ပေသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို လေးလေးစားစား လိုက်နာသူဖြစ်ဖို့ဆိုသည်မှာလည်း ဗုဒ္ဓဘာသာဝင်ပီသသူဖြစ်မှသာ ဖြစ်နိုင်ပေသည်။ ဗုဒ္ဓဘာသာဝင်ပီသသူ ဖြစ်ဖို့ဆိုသည်မှာလည်း မြတ်စွာဘုရားကို လေးလေးမြတ်မြတ် ကိုးကွယ်ဆည်းကပ်သူမှသာ ဖြစ်နိုင်ပေသည်။ မြတ်စွာဘုရားကို လေးလေးမြတ်မြတ် ကိုးကွယ်ဆည်းကပ်သူဖြစ်ဖို့ဆိုသည်မှာလည်း မြတ်စွာဘုရားကို အခြေအမြစ်နှင့်တကွ ခိုင်မြဲစွာယုံကြည်မှ ဖြစ်နိုင်ပေသည်။ ယင်းသို့ အခြေအမြစ်နှင့်တကွ ယုံကြည်ရန်အတွက် ပဌမ မြတ်စွာဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို သိထားဖို့လိုလေသည်။

ဤစာအုပ်သည် ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို ပြည့်ပြည့်စုံစုံလုံလောက်စွာ အကျဉ်းချုပ်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ဤစာအုပ်၌ ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို ဘုရားဆုပန်သည်မှစ၍ ပရိနိဗ္ဗာန်စံသည်အထိ အတ္ထုပ္ပတ္တိ အစဉ်မပြတ်စေဘဲ တစ်စပ်တည်းရေးသားထားပါသည်။ မြတ်စွာဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို မြန်မာနိုင်ငံတွင် ယခုရှိနေသည့် ထေရဝါဒပိဋကတ်ကျမ်းဂန်များ၌ ပါရှိသည့်အတိုင်း ရေးသားသည်ဖြစ်သောကြောင့် ဤစာအုပ်ပါ မြတ်စွာဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့် အချိန်မှစ၍ ယခုအထိ မထေရ်ကြီး အစဉ်အဆက်တို့ လက်ခံထားသည့် အကြောင်းအရာ အတ္ထုပ္ပတ္တိ ဖြစ်သည်ဟူ၍ မှတ်ယူကြစေလိုသည်။

ပိဋကတ်ကျမ်းဂန်၌ ပါရှိသည့်အတိုင်း ရေးသားသည်ဆိုသော်လည်း ဆိုခဲ့သည့် ဗုဒ္ဓဘာသာဝင် နှစ်မျိုးနှစ်စားအနက် ဒုတိယအမျိုးအစားဖြစ်သည့် (လူငယ်လူရွယ်နှင့် ကလေးများအပါအဝင်) သာမန်လူများအတွက် ရည်ရွယ်ရေးသားသည့် စာအုပ်ဖြစ်သဖြင့် သာမန်လူများ နားလည်အောင် သိလွယ်သော စကားအသုံးအနှုန်းများဖြင့် ရေးသားပါသည်။ ပါဠိကျမ်းဂန်လာ စာပိုဒ်များကို ဘာသာပြန်ဆိုဖော်ပြရာ၌လည်း ပါဠိသွားအတိုင်း မပြန်ဆိုဘဲ မြန်မာစကားသွားအတိုင်း အများနားလည်အောင် ပြန်ဆိုရေးသားထားပါသည်။

အရေးအသားကို အများနားလည်အောင် ခပ်လွယ်လွယ်ရေးသားထားသော်လည်း အကြောင်းအရာ အချက်အလက်ကိုကား မှန်ကန်တိကျအောင် စွမ်းနိုင်သမျှ ရှာဖွေလေ့လာ တိုက်ဆိုင်နှိုးနှောပြီး ရေးသားပါသည်။ ဇိနတ္ထပကာသနီ၊ တထာဂတဉဒါနဒီပနီ၊ ဗုဒ္ဓဝင်ဝတ္ထု၊ မာလာလင်္ကာရဝတ္ထု၊ သမန္တစက္ခုဒီပနီ စသည့်ကျမ်းဂန်တို့၌ ပါရှိသည့်အချက်များကိုပင် ၎င်းတို့ ရည်ညွှန်းသည့် မူရင်းပါဠိတော်၊ အဋ္ဌကထာများအထိ ရှာဖွေကြည့်ရှု တိုက်ဆိုင်နှိုးနှောပြီး ရေးသားပါသည်။ အချို့သောအကြောင်းအရာ အချက်အလက်များကို မူရင်းအတိုင်းစုံလင်စွာ သိလိုသောပုဂ္ဂိုလ်များ အလွယ်တကူကြည့်ရှုနိုင်စေရန် ဆိုင်ရာစာမျက်နှာ၏ အောက်ခြေတွင် မူရင်းကျမ်းကို ညွှန်ပြထားပါသည်။

မြတ်စွာဘုရား၏ အကြောင်းကို ပြဆိုရာ၌ အဋ္ဌကထာကျမ်းများ၌ပင် အဆိုအမိန့်မတူသော ကွဲလွဲချက်များကို တွေ့ရပေသည်။ အနည်းငယ်မျှထုတ်ပြရသော် ဘုရားဖြစ်တော်မူပြီး၍ ကပိလဝတ်ပြည်သို့ ကြွတော်မူခန်း၌ ရာဇဂြိုဟ်ပြည်တွင် တစ်ဝါဆိုပြီးမှ ကြွသည်။ ရာဇဂြိုဟ်တွင် ဝါမဆိုမီကြွသည်ဟူသောအချက်။ ဝါတော်-၂၀ ရပြီးနောက် ကျန်သော ၂၅ ဝါကိုသာ သာဝတ္ထိပြည်၌ သီတင်းသုံးသည်။ သာဝတ္ထိတွင် ၂၄-ဝါသာ သီတင်းသုံး၍ နောက်ဆုံးဝါ ဝေဠုဝရွာ၌ ဝါဆိုသည်ဟူသော အချက် စသည်တို့ဖြစ်သည်။

ဤစာအုပ်၌ အဆိုပါကွဲလွဲချက်များကို ထုတ်ဖော်ရှင်းလင်းမနေဘဲ အများလက်ခံနိုင်လောက်သည့် အချက်ကိုသာယူ၍ တစ်ဖြောင့်တည်း ရေးသားထားပါ သည်။ အဘယ့်ကြောင့်ဆိုသော် ဤစာအုပ်သည် ဗဟုသုတအဖြစ် ဖတ်ရန် မဟုတ်ဘဲ ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းကို တစ်ဖြောင့်တည်းသိရှိရန် ရည်ရွယ်သောစာအုပ်ဖြစ်၍ ဝါဒကွဲများကို ဖော်ပြနေပါက စာဖတ်သူများ နားရှုပ်ထွေးမည်ကိုစိုးသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ရာ ဤစာအုပ်တွင် ပါသည့် အချို့သော အကြောင်းအချက်များသည် အချို့သောကျမ်းများနှင့် အနည်းငယ်ကွဲလွဲနေကောင်း ကွဲလွဲနေမည်ဖြစ်သော်လည်း ယင်းအချက်များသည် မြတ်စွာဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို အကြမ်းအားဖြင့် သိရှိရေး၌ ထိခိုက်လိမ့်မည် မဟုတ်ပေ။

ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို ရေးသားရာ၌ ဘုရားဆုပန်ခန်းမှစ၍ ပရိနိဗ္ဗာန်စံတော်မူသည်အထိ ရေးမှသာ ပြည့်စုံမည်ဖြစ်ရာ ဤစာအုပ်ကလေး၌ ဘုရားဆုပန်ခန်းမှစ၍ ပရိနိဗ္ဗာန်စံတော်မူသည်အထိ ဖြစ်ပျက်သမျှ အကြောင်းအရာများကို စေ့ငစုံလင်အောင် ဖော်ပြရန် မဖြစ်နိုင်ပါ။ ထင်ရှားသည့် အကြောင်းအရာ အချက်အလက်များကိုသာ အကျဉ်းချုံးနိုင်သမျှ အကျဉ်းချုံး၍ ဖော်ပြနိုင်ပါတော့သည်။ ယင်းသို့ အကျဉ်းချုံးနိုင်သမျှ အကျဉ်းချုံး၍ ဖော်ပြရသည်ဟုဆိုသော်လည်း ဘုရားဆုပန်ခန်းမှစ၍ ပရိနိဗ္ဗာန်စံခန်းအထိ ဗုဒ္ဓမြတ်စွာဘုရား၏ အတ္ထုပ္ပတ္တိဇာတ်လမ်းကို အစဉ်မပြတ်စေဘဲ တစ်စပ်တည်းဆက်ကာ အကွက်စေ့အောင် ရေးသားထားသဖြင့် စာဖတ်သူတို့သည် ဗုဒ္ဓမြတ်စွာဘုရား၏ သိသင့်သိထိုက်သော အကြောင်းအရာ အတ္ထုပ္ပတ္တိကို ခြေခြေမြစ်မြစ်သိရှိနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသတည်း။


ဒဂုန်-ဦးထွန်းမြင့်

၁၃၂၇-ခု၊ ဝါခေါင်လပြည့်ကျော် ၁-ရက်